## ချင်းအမျိုးသားတပ်ဦး ဥက္ကဋ္ဌ ပူးဇင်ကျုံး ၏ (၇၃) နှစ်မြောက် ချင်းအမျိုးသားနေ့တွင် ပြောကြားသော မိန့်ခွန်း

ခရစ်သက္ကရာဇ် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၀) ရက်နေ့

### နိဒါန်း

ယနေ့ ဖေဖော်ဝါရီလ(၂၀) ရက်နေ့သည်(၇၃) နှစ်မြောက်"**ချင်းအမျိုးသားနေ့**"ဖြစ်ပါတယ်။ ချင်းအမျိုးသားနေ့သည် ချင်းအမျိုးသားများ၊ ချင်းပြည်သူများအတွက် သမိုင်းဝင် နေ့တနေ့ဖြစ်ပြီး ချင်းအမျိုးသားများရဲ့ဂုဏ်အင်လက္ခဏာများ နဲ့ စည်းလုံးညီညွတ်မှုကို ထုတ်ဖော်ပြသတဲ့ နေ့တစ် နေ့ ဖြစ်ပါတယ်။

### ချင်းအမျိုးသားနေ့ဖြစ်တည်လာခြင်း

ချင်းလူမျိုးတို့သည် စာပေယဉ်ကျေးမှု၊ ရိုးရာဓလေ့ထုံးတမ်းစဉ်လာရှိခြင်း၊ လူဦးရေအသင့်အတင့်ရှိခြင်း၊ သတ်မှတ်နယ်မြေအတိအကျရှိခြင်း၊ သီးခြားဂုဏ်အင်လက္ခဏာရှိခြင်း နဲ့ သမိုင်းကြောင်းအရသီးခြားရပ်တည်ခဲ့ခြင်းစတဲ့ဂုဏ်အင်္ဂါများနဲ့ပြည့်စုံတဲ့လူမျိုးဖြစ်ပါတယ်။ ဗြိတိသျှတို့ကျူးကျော်သိမ်းပိုက်မှုမပြုလုပ်မီအချိန်အထိ ကိုယ့်မင်းကိုယ်ချင်းဖြင့် အချုပ်အခြာအာဏာကို ကျင့်သုံးခဲ့တဲ့ လူမျိုးဖြစ်ပါတယ်။ထို့ကြောင့်ဗြိတိသျှလက်အောက်မှလွတ်လပ်ရေးရရှိသည်နှင့်တပြိုင်နက် မိမိတို့ချင်းလူမျိုးများရဲ့သီးခြားလူမျိုးဖြစ်မှုကိုဖော်ကျူးတဲ့ "**အမျိုးသားနေ့**" ကို စတင်သတ်မှတ် ကျင့်သုံးလာခဲ့ခြင်းဖြစ်ပါတယ်။

### အမျိုးသားနေ့အဖြစ်သတ်မှတ်ခြင်း

ချင်းအမျိုးသားတို့အနေနဲ့ ဖေဖော်ဝါရီလ(၂၀)ရက်နေ့ကို "ချင်းအမျိုးသားနေ့" ရက်မြတ်အဖြစ်သတ်မှတ်ခဲ့ရတဲ့ အကြောင်းရင်းခံများရှိပါတယ်။ ၁၉၂၈ ခုနှစ် ဖေဖော်ဝါရီလ (၂၀)ရက်နေ့ဟာ မင်းတပ်မြို့နယ်၊ မန်တုံးနွေရွာတွင် ဦးလောဟာလိန်း၊ ဦးဝမ်သူမောင်တို့မှ ဦးဆောင်ပြီး ချင်းလဲန်းတွင် ပထမဦးဆုံး နိုင်ငံရေးအဖွဲ့အစည်းဖြစ်တဲ့ "**ချင်းတောင်ညီညွတ်ရေးအဖွဲ့**" ကိုဖွဲ့စည်းခဲ့ပါတယ်။ ၁၉၃၉ ခုနှစ် ဖေဖော်ဝါရီလ (၂၀) ရက်နေ့ တွင် ချင်းမျိုးချစ် ပုဂ္ဂိုလ် (၂၀၀၀) ခန့်က ကန်ပက်လက်မြို့တွင်အင်္ဂလိပ်အစိုးရအား လူထုအင်အားသုံး၍ ဆန့်ကျင်တဲ့ ဆန္ဒထုတ်ဖော်မှုပြုလုပ်ခဲ့တဲ့ ရက်ဖြစ်ပါတယ်။ ၁၉၄၈ ခုနှစ် ဖေဖော်ဝါရီလ (၁၉-၂၂) ရက်နေ့ တွင် ချင်းဗိုလ်တော် တိုင်း၊ ဖလမ်းမြို့တွင်ပြုလုပ်ခဲ့တဲ့"**ချင်းဝိသေသတိုင်း အထွေထွေညီလာခံကြီး**"က တိုက်သူကြီးအုပ်ချုပ်မှုစနစ် ကနေ

ဒီမိုကရေစီစနစ်ကို စတင်အုတ်မြစ်ချပေးခဲ့တဲ့နေ့ရက်များ ကိုအစွဲပြုပြီး တိုက်ဆိုင်မှုများစွာရှိတဲ့ ဖေဖော်ဝါရီလ (၂၀) ရက်နေ့ကို "**ချင်းအမျိုးသားနေ့**"အဖြစ် သတ်မှတ်ခဲ့ကြတာ ဖြစ်ပါတယ်။

## ချင်းအမျိုးသားတို့၏သမိုင်းအကျဉ်း

ချင်းလူမျိုးများဟာ ကိုယ့်မင်းကိုယ့်ချင်းနဲ့ ချင်းလဲန်းကို အုပ်ချုပ်ခဲ့တဲ့ လူမျိုးဖြစ်ပါတယ်။ ဗြိတိသျှနယ်ချဲ့ လက်အောက် မကျရောက်မီ အချိန်အထိ မည်သည့်လူမျိုး လက်အောက်ကိုမှ မကျရောက်ခဲ့ဖူးပါဘူး။ ၁၈၇၁-၁၈၉၅ ကာလများမှာ အင်္ဂလိပ်တို့၏ ကျူးကျော်မှုရန်မှကာကွယ်ရန်အတွက် ရရာလက်နက်ဆွဲကိုင်၍ အသက်၊သွေး၊ချွေး မြောက်မြားစွာစတေးကာ တော်လှန်တိုက်ပွဲဝင်ခဲ့ကြပါတယ်။ ၁၈၉၅ ခုနှစ်မှစ၍ ချင်းလဲန်း သည် အင်္ဂလိပ်လက်အောက်သို့ ကျရောက်သွားခဲ့ရပြီး လွတ်လပ်မှု နဲ့ အချုပ်အချာ အာဏာပိုင်ဆိုင်မှုကို လက်လွှတ်ဆုံးရှုံးခဲ့ရပါတယ်။ အင်္ဂလိပ်တွေက **"၁၈၉၆ ချင်းတောင်တန်းအက်ဥပဒေ"** နဲ့ စတင်အုပ်ချုပ်ခဲ့ပါတယ်။ အင်္ဂလိပ်တို့အနေနဲ့ ချင်းအမျိုးသားများဟာ ယခင်က လွတ်လပ်သောလူမျိုးဖြစ်မှုကို အသိအမှတ်ပြုကြောင်း ဤဥပဒေက ဖော်ဆောင် ခဲ့တာ ဖြစ်ပါတယ်။ သူ့ကျွန်မခံလိုတဲ့ ချင်းအမျိုးသားများအနေနဲ့ ရရာလက်နက်ဆွဲကိုင်ပြီး အင်္ဂလိပ်တို့ကို တော်လှန်တိုက်ခိုက်ခဲ့ကြပါတယ်။ ချင်းလူမျိုးများအနေနဲ့ ၁၉၁၇ မှ ၁၉၂၃ ခုနှစ်များအကြား နယ်ချဲ့ အင်္ဂလိပ်တို့အား တော်လှန်တိုက်ခိုက်ခဲ့ကြပါတယ်။ ၁၉၃၃ ခုနှစ် မှာ ချင်းမျိုးချစ်များ အနေဖြင့် **"ချင်းအမျိုးသား သမ္မဂ"** ကို ဖွဲ့စည်းကာ အမျိုးသားလှုပ်ရှားမှု ပြုလုပ်လာခဲ့ကြပါတယ်။ အထင်ရှားဆုံး **သမ္မဂ** ရဲ့ လှုပ်ရှားတောင်းဆိုမှုကတော့ ချင်းလဲန်းအားကိုယ်ပိုင်အုပ်ချုပ်ခွင့်ပေးရေးနဲ့ ဗမာပြည်အား လွတ်လပ်ရေးပေးပါကချင်းလဲန်းအားလည်း လွတ်လပ်ရေးပေးရန်အင်္ဂလိပ်တို့ထံ တောင်းဆိုမှုပြုလုပ်ခဲ့တာ ဖြစ်ပါတယ်။ **ချင်းလူမျိုးတို့ဟာ လွတ်လပ်မှုရှိသောလူမျိုး ဖြစ်ခြင်းကို အသိအမှတ်ပြုပေးရန် တောင်းဆိုမှု ဖြစ်ပါတယ်။**

ဒုတိယကမ္ဘာစစ် ပြီးဆုံးပြီးတဲ့နောက် အင်္ဂလိပ် လက်အောက်ကိုကျရောက်ခဲ့တဲ့ ကိုလိုနီနိုင်ငံများရဲ့ လွတ်လပ်ရေးပြန်လည်ရရှိရေးဟာ သေချာသလောက်ဖြစ်ခဲ့ပါတယ်။ အဲဒီအချိန်က ချင်းအမျိုးသား ခေါင်းဆောင်ကြီးများဟာ ချင်းလဲန်းအား သီးခြားလွတ်လပ်ရေး ရယူနိုင်တဲ့ အခွင့်အလမ်းရှိခဲ့ပေမဲ့ ကချင်၊ ရှမ်း၊ ဗမာလူမျိုးများနဲ့အတူ လွတ်လပ်ရေးအတူတကွယူရန် ဆုံးဖြတ်ခဲ့တဲ့အတွက် ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၂) ရက်နေ့မှာ "ပင်လုံစာချုပ်" ချုပ်ဆိုခဲ့ပြီး ပြည်ထောင်စုမြန်မာနိုင်ငံတော်ကိုတည်ထောင်ခဲ့ကြပါတယ်။ ဒါ့ကြောင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဟာ ၁၈၉၆ ချင်းတောင်တန်းအက်ဥပဒေ (The Chin Hills Regulation 1896) နဲ့သီးခြားအုပ်ချုပ်ခဲ့တဲ့ ချင်းတောင်တန်းဒေသ၊ ကချင်တောင်တန်းဒေသအက်ဥပဒေ (The Kachin Hill Tribes Regulation) နဲ့ သီးခြားအုပ်ချုပ်ခဲ့တဲ့ ကချင်တောင်တန်းဒေသ၊ ပြည်ထောင်စုရှမ်းပြည်အက်ဥပဒေ (Federated Shan State) နဲ့ သီးခြားအုပ်ချုပ်ခဲ့တဲ့ ပြည်ထောင်စုရှမ်းပြည်နဲ့ The Government Of Burma-1935 အရ အုပ်ချုပ်ခဲ့တဲ့ဗမာနယ်မြေများ နဲ့ စုပေါင်းဖွဲ့စည်းထားတဲ့ ပြည်ထောင်စုနိုင်ငံဖြစ်ပါ တယ်။ ထိုပင်လုံစာချုပ် အပိုဒ် (၅) တွင် **"နယ်စပ်ဒေသများအတွက် နယ်တွင်း အုပ်ချုပ်ရေးတွင် ကိုယ်ပိုင်အုပ်ချုပ်ရေးရာနှုန်းပြည့်ရှိစေရမည်"**ဟုပါရှိပြီးအပိုဒ်(၇)တွင်**"နယ်စပ်ဒေသများ ၏ နယ်သူ နယ်သားတို့သည် ဒီမိုကရေစီနိုင်ငံများတွင် အခြေခံများအဖြစ် အသိအမှတ် ပြုထားသော အခွင့်အရေး တို့ကို ခံစားနိုင်ခွင့်ရှိစေရမည်"** ဟု အတိအလင်း အာမခံထားတာ ဖြစ်ပါတယ်။ ဆိုလိုတာကတော့ ပြည်ထောင်စုမြန်မာနိုင်ငံကို တိုင်းရင်းသားလူမျိုးအားလုံးလူမျိုးရေးအရ တန်းတူရေး၊ နိုင်ငံရေးအရ

တန်းတူရေးအခြေခံဖြင့် တည်ဆောက်ခဲ့ကြတာဖြစ်ပါတယ်။ ဒါဟာ ပြည်ထောင်စု တည်မြဲရေး နဲ့ တိုင်းရင်းသား စည်းလုံးညီညွတ်မှုခိုင်မာရေးအတွက် မရှိမဖြစ်ကျင့်သုံးရမဲ့ **အခြေခံမူ** ဘဲဖြစ်ပါတယ်။

## လွတ်လပ်ရေးရပြီး ချင်းလူမျိုးတို့၏အခြေအနေ

၁၉၄၇ ခုနှစ် စက်တင်ဘာလ (၂၄) ရက်နေ့ ဖွဲ့စည်းပုံအခြေခံဥပဒေ ထွက်လာတဲ့အခါ တစ်ပြည်ထောင်စနစ်ကျင့်သုံးခြင်းကြောင့် လူမျိုးရေး၊ နိုင်ငံရေးအရ တန်းတူညီမျှမှုမရှိတဲ့ ပြည်ထောင်စု ဖြစ်လာခဲ့ပါတယ်။ ပြည်နယ်များစုပေါင်းထားတဲ့ပြည်ထောင်စုတည်ဆောက်မဲ့အစား ဗမာအမျိုးသားများက ဗမာပြည်မ ရယူပြီးတော့ ဗဟိုအစိုးရရဲ့အာဏာကို တပေါင်းတစည်းထဲရယူလိုက်ပါတယ်။ ဆိုလိုတာကတော့ ပြည်ထောင်စုအစိုးရကို ပြည်သူ့လွှတ်တော်က ဖွဲ့စည်းရမယ်လို့ အခြေခံဥပဒေမှာပြဋ္ဌာန်းထားတဲ့အတွက် လူဦးရေများတဲ့ဗမာလူမျိုးများကသာလျှင် ပြည်ထောင်စုအစိုးရကို ကြိုးကိုင် ချယ်လှယ်ခဲ့ကြတာဖြစ်ပါတယ်။ အာဏာနဲ့ အခွင့်အရေးခွဲဝေရေးမှာ ပြည်နယ်များကို အာဏာကန့်သတ်ပေးပြီးတော့ ကျန်အာဏာများကို ဗဟိုအစိုးရက ချုပ်ကိုင်ထားပါတယ်။ ပြည်နယ်များဟာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်မရရှိကြပါဘူး။ လူမျိုးစုလွှတ်တော်နဲ့ ပြည်သူ့လွှတ်တော်တို့ အာဏာတူမရခြင်း၊ ပြည်ထောင်စုအစိုးရက ပြည်သူ့လွှတ်တော်ကို တာဝန်ခံခြင်းနဲ့ လူမျိုးစုလွှတ်တော်မှာ တူညီတဲ့ကိုယ်စားလှယ်စေလွှတ်ခွင့်မရှိခြင်းစတဲ့ပြဿနာပေါင်းမြောက်မြားစွာနဲ့ ရင်ဆိုင်ခဲ့ကြ ရတာဖြစ်ပါတယ်။ ၂၀၀၈ဖွဲ့စည်းပုံအခြေခံဥပဒေသည်လည်း ဒီမိုကရေစီအခွင့်အရေးများ၊ နိုင်ငံရေး အခွင့်အရေးများနဲ့ အမျိုးသားတန်းတူရေးရေးဖော်ဆောင်မှုမပေးနိုင်တဲ့အပြင် စစ်တပ်ကိုတရားဝင် တိုင်းပြည်အုပ်ချုပ်ခွင့်ပေးထားသော ဖွဲ့စည်းပုံအခြေခံဖြစ်တဲ့အတွက် ပြည်ထောင်စုမြန်မာနိုင်ငံတွင် နှစ်ပေါင်း (၇၀) ကျော် ပြည်တွင်းစစ် ဖြစ်ပွားလျက်ရှိနေတာဖြစ်ပါတယ်။

## စစ်အာဏာရှင်စနစ် နဲ့ မြန်မာ့နိုင်ငံရေး

၁၉၆၀ ခုနှစ်၊ မတ်လ(၁၇) ရက်နေ့တွင် ကျင်းပပြုလုပ်သော ဖဆပလ ညီလာခံမှာ ဖွဲ့စည်းပုံ အခြေခံဥပဒေ ပြင်ဆင်လိုကြောင်း ပြည်နယ်အသီးသီးမှ ခေါင်းဆောင်များကို ဝန်ကြီးချုပ် ဦးနု က ပြောကြားခဲ့ပါတယ်။ တဆက်တည်းမှာဘဲ ၁၉၆၁ ခုနှစ်၊ ဇွန်လ တွင် ရှမ်းပြည်၊ တောင်ကြီးမြို့၌ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးညီလာခံ တရပ်ကိုကျင်းပခဲ့ပါတယ်။ ပင်လုံစာချုပ်နဲ့ ပင်လုံ ကတိကဝတ်များ အတိုင်း အမျိုးသားတန်းတူရေး နဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိတဲ့ ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးအတွက် အခြေခံမူများချမှတ်ခဲ့ ကြပါတယ်။ ဒါပေမဲ့ စစ်အာဏာရှင် လူတစု က ဖက်ဒရယ်စနစ်ဟာ ခွဲထွက်ရေး ဖြစ်တယ် ဆိုတဲ့အကြောင်းပြချက်နဲ့ အရပ်သားအစိုးရထံမှ တိုင်းပြည်အာဏာကို အဓမ္မ ရယူခဲ့ပါတယ်။ ၁၉၆၂ ခုနှစ် စစ်တပ်မှ အာဏာသိမ်းယူပြီးသည့်နောက် ၁၉၄၇ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို ဖျက်သိမ်းခဲ့ပါတယ်။ (၁၂) နှစ်ကြာ တော်လှန်ရေးကောင်စီ အမည်ဖြင့် စစ်တပ်မှ အုပ်ချုပ်ခဲ့ပြီး ၁၉၇၄ ခုနှစ်တွင် မြန်မာဆိုရှယ်လစ်လမ်းစဉ်ပါတီ ကို စစ်တပ်မှ တည်ထောင်ခဲ့ပြီး တပါတီအာဏာရှင်စနစ်ကို အသက်သွင်းခဲ့ပြန်ပါတယ်။ (၁၄) နှစ်ကြာ တပါတီအာဏာရှင်စနစ်ဖြင့် အုပ်ချုပ်မှုကြောင့် လွတ်လပ်မှုများ၊ တရားမျှတမှု နဲ့ တန်းတူညီမျှမှုများ ဆုံးရှုံးခဲ့ကြပြီး တိုင်းပြည်သည်လည်း ကမ္ဘာမှာ ဖွံ့ဖြိုးမှုအနိမ့်ဆုံးနိုင်ငံအဆင့်သို့ ကျရောက်သွားခဲ့တာ ဖြစ်ပါတယ်။ စစ်အာဏာရှင်များဟာ ၁၉၈၈ ခုနှစ် ဒီမိုကရေစီလှုပ်ရှားမှုကြီးကိုလည်း စစ်တပ်အားကိုးဖြင့် နှိမ်နင်းခဲ့ပြီး ရွေးကောက်ပွဲလုပ်ပေးရန် ပေးထားတဲ့ကတိကို ဖောက်ဖျက် ကာ အမည်နာမအမျိုးမျိုး နဲ့ စစ်တပ်က တိုင်းပြည်ကို နှစ်ပေါင်း (၃၀) ကျော်ကြာ အုပ်ချုပ်လာခဲ့တာ ယနေ့အထိဖြစ်ပါတယ်။ **"မြန်မာ့နိုင်ငံရေး ဦးဆောင်မှုအခန်းကဏ္ဍမှာ တပ်မတော်က ပါဝင်ထမ်းဆောင်နိုင်ရေးကို အစဉ်**

**တစိုက်ဦးတည်သည်"** ဟု ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ မှာ ၎င်းတို့ကိုယ်တိုင် ရေးသားထားပြီး ဥပဒေပြုရေး၊ အုပ်ချုပ်ရေး နဲ့ တရားစီရင်ရေးမှာပါ ထိမ်းချုပ်လာခဲ့တာဖြစ်ပါတယ်။ ယခုအခါ "မဲ" မသမာမှု ရှိနိုင်သည်ဟု ဆိုကာ နိုင်ငံတော်အာဏာကို ရယူခဲ့ပြန်ပါတယ်။ **"ပြည်ထောင်စု ပြိုကွဲနိုင်တယ်"၊ "ဒီမိုကရေစီ ပျက်သုန်းသွားနိုင်တယ်"၊ "မဲမသမာမှုရှိနိုင်တယ်"** လို့ ယူဆမှုတစုတည်းနဲ့ အင်အားသုံးပြီးအာဏာရယူတာဟာ ဒီမိုကရေစီမကျတဲ့အပြင်ပြည်သူတို့ရဲ့ ဆန္ဒနဲ့ ဆန့်ကျင်ပါတယ်။ တိုင်းရင်းသားပြည်သူများအကြား ကြီးမားစွာ ယုံကြည်မှုပျက်ပြားသွားစေပြီး ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးကို များစွာ ထိခိုက်စေပါတယ်။ အချုပ်အချာအာဏာဟာ တိုင်းရင်းသားပြည်သူတရပ်လုံးထံမှဆင်းသက်လာရမှာဖြစ်ပါတယ်။ ပြည်သူလူထုရဲ့ဆန္ဒကိုလေးစား အသိအမှတ်ပြုရမှာဖြစ်ပါတယ်။ ယနေ့ တိုင်းပြည်အတွင်း ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပွားနေတဲ့ Civil Disobedience Movement -CDM လှုပ်ရှားမှုဟာ ပြည်သူတို့ရဲ့ ဒီမိုကရေစီအခွင့်အရေးနဲ့ နိုင်ငံသားအခွင့်အရေးတို့ကို ငြိမ်းချမ်းစွာ အသုံးပြုတာဖြစ်တဲ့အတွက် မှန်ကန်တဲ့လုပ်ရပ်ဖြစ်ပြီး ချင်းအမျိုးသားထုအနေနဲ့ အစွမ်းကုန်ထောက်ခံအားပေးသွားကြရမှာဖြစ်ပါတယ်။ ထို့ကြောင့် တပ်မတော်အနေဖြင့်ပြည်သူလူထုကရွေးချယ်အတည်ပြုခဲ့တဲ့ပါတီစုံ ဒီမိုကရေစီလမ်းကြောင်း အတိုင်းလျှောက်လှမ်းသင့်ပြီးနိုင်ငံရေးအရကြုံတွေ့လာတဲ့ပြဿနာများကိုတွေ့ဆုံဆွေးနွေး ညှိနှိုင်း အဖြေရှာသည့် နည်းလမ်းအတိုင်းပူးပေါင်း ပါဝင်ဖြေရှင်းရမှာဖြစ်ပါတယ်။

## ချင်းအမျိုးသားတို့၏ ပြည်သူ့တော်လှန်ရေး လုပ်ငန်းစဉ်

ချင်းအမျိုးသားတပ်ဦးဟာ တိုင်းရင်းသားလူမျိုးများအကြား တန်းတူရေး နဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် ကို အခြေခံတဲ့ စစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးနဲ့ ဒီမိုကရေစီစနစ် ထွန်းကားရေးအတွက် ပြည်သူလူထုနဲ့အတူ ပြည်သူ့တော်လှန်ရေးကို ဆင်နွှဲနေတာဖြစ်ပါတယ်။ ဒီ ရည်မှန်းချက်ပန်းတိုင်ရောက်ရှိရေးအတွက် စစ်အာဏာရှင်စနစ်နဲ့ မဟာလူမျိုးကြီးဝါဒ ကို အဆုံးတိုင် တိုက်ဖျက်နိုင်ရေးအတွက် ချင်းအမျိုးသားများနဲ့ ချင်းပြည်သူများရဲ့ သွေးစည်းညီညွတ်မှု အင်အားကို အဓိကအင်အားအဖြစ် ခံယူထားပါတယ်။ ဒါကြောင့် ချင်းအမျိုးသားများနဲ့ချင်းပြည်သူများဟာ စစ်အာဏာရှင်စနစ် အဆုံးသတ်ပြီး ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေး နဲ့ ဒီမိုကရေစီထွန်းကားရေးအတွက် ဖြစ်နိုင်တဲ့နည်းလမ်းပေါင်းစုံကိုကိုင်စွဲပြီး အတူတကွလက်တွဲ တိုက်ပွဲဝင်လာခဲ့ တာဖြစ်ပါတယ်။ ချင်းအမျိုးသားတပ်ဦးသည် ပြည်သူထဲကပေါက်ဖွားလာသည့် ပြည်သူ့ အင်အားစုဖြစ်သည့်အားလျော် ယနေ့ဖြစ်ပေါ်နေတဲ့ မြန်မာ့နိုင်ငံရေးဖြစ်စဉ်တွင် ပြည်သူများနဲ့အတူ တသားတည်းရပ်တည်လျက်ရှိပါတယ်။ ချင်းပြည်သူများနဲ့ချင်းအမျိုးသားတိုင်း စစ်အာဏာရှင်စနစ် ကျဆုံးသည်အထိ လူထုလှုပ်ရှားမှုများအဆက်မပြတ်ပြုလုပ်ရန် လိုအပ်သလို နိုင်ငံရေးပါတီများ၊ လူငယ်များ၊ အမျိုးသမီးများ၊ လူထုအဓိကအခြေပြုအဖွဲ့အစည်းများအနေနဲ့လဲ တက်ကြွစွာလူထုလှုပ်ရှားမှုမှာ ပါဝင်လာကြဖို့ တိုက်တွန်းနှိုးဆော်လိုပ်တယ်။

## အမျိုးသားစည်းလုံးညီညွတ်ရေး

ဒီအချိန်ဟာချင်းအမျိုးသားတရပ်လုံးရဲ့စည်းလုံးညီညွတ်ရေးသည်အထူးလိုအပ်နေသောအချိန်အခါဖြစ်ပါတယ်။ ဘာလို့လဲဆိုတော့ မိမိတို့ဟာ ချင်းလူမျိုးများရှင်သန်ရပ်တည်နိုင်ရေးအတွက် ရုန်းကန်လှုပ်ရှားနေကြရတဲ့အချိန်အခါဖြစ်လို့ပါဘဲ။ချင်းအမျိုးသားများစည်းလုံးညီညွတ်ရေးဟာ ချင်းအမျိုးသားတို့ရဲ့ **"အင်အား"** ဖြစ်ပါတယ်။ မိမိတို့ညီညွတ်ကြရင် ကြီးမားသောအပြောင်းအလဲများ

ပြုလုပ်နိုင်ကြတာ ကို အားလုံးအသိ ဘဲဖြစ်ပါတယ်။ ချင်းအမျိုးသားများ၊ ချင်းပြည်သူများရဲ့ စည်းလုံးညီညွတ်မှုနဲ့ အမျိုးသားရေးနိုးကြားတက်ကြွမှုတို့ကြောင့် ၁၉၄၈ခုနှစ်၊ ဖလမ်းမြို့မှာ ချင်းအမျိုးသားညီလာခံကြီး ကျင်းပကာ ချင်းအမျိုးသားများရဲ့ ဂုဏ်ထူးဝိသေသကို ဖော်ကျူးတဲ့ "ချင်းအမျိုးသားနေ့" သတ်မှတ်နိုင်သည်အထိ စွမ်းဆောင်နိုင်ခဲ့ကြပါတယ်။ ၂၀၁၃ ခုနှစ်၊ ဟားခါးမြို့မှာ ကျင်းပ ပြုလုပ်တဲ့ ဒုတိယအကြိမ် ချင်းအမျိုးသားညီလာခံမှာ စစ်မှန်တဲ့ ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံတော်တည်ဆောက်ရာမှာ လိုအပ်တဲ့ အခြေခံလမ်းညွှန်မှုများချမှတ်ပြီး ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်အသီးသီး ရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြဋ္ဌာန်းရေးနဲ့ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို စစ်မှန်သော ဖက်ဒရယ်စနစ်နဲ့ ဒီမိုကရေစီစနစ်ကိုအခြေခံတဲ့ ဖွဲ့စည်းပုံအဖြစ် ပြင်ဆင်မှုများ ပြုလုပ်ဖို့ သဘောတူခဲ့ကြတာဖြစ်ပါတယ်။ ၂၀၁၇ ခုနှစ် ဖေဖော် ဝါရီလ (၂၇) ရက်နေ့ ကနေ မတ်လ (၁) ရက်နေ့ အထိ ထန်တလန်မြို့မှာ ကျင်းပပြုလုပ်တဲ့ ပထမ အကြိမ် ချင်းအမျိုးသား နိုင်ငံရေး ဆွေးနွေးပွဲမှာ အနာဂတ်ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးဆိုင်ရာအခြေခံမှုများ နဲ့ ပတ်သက်တဲ့ သဘောထားအမြင်စုစည်းမှုများကိုလည်း ပြုလုပ်နိုင်ခဲ့ပါတယ်။ ဒါတွေအားလုံး လုပ်ဆောင် နိုင်တာ ဟာ ချင်းပြည်သူများနဲ့ ချင်းအမျိုးသားများ ရဲ့ တာဝန် သိစိတ်၊မျိုးချစ်စိတ် ထက်သန် ကြတဲ့ အတွက် ဖြစ်ပါတယ်။အမျိုးသားစည်းလုံးညီညွတ်မှုကိုအထင်အရှားပြသခဲ့ကြတာဖြစ်ပါတယ်။ ဒီလိုအရေးကြီးတဲ့ ကာလမှာ ရထားပြီးသား စည်းလုံးညီညွတ်ရေးကို ဆက်လက်ထိမ်းသိမ်းပြီး ပိုမိုခိုင်မာတောင့်တင်းတဲ့"ချင်းတမျိုးသားလုံးစည်းလုံးညီညွတ်ရေး" ကိုတည်ဆောက်ကြဖို့တိုက်တွန်း နိုးဆော်လိုပါတယ်။

**ချင်းအမျိုးသားတို့၏ လက်ရှိအခြေအနေ**

**၁၈၉၅** ခုနှစ်ကနေ ယနေ့အချိန်အခါအထိ အင်္ဂလိပ်များနဲ့စစ်အာဏာရှင်များရဲ့ အုပ်ချုပ်မှုအောက်မှာ ချင်းလူမျိုးများဟာ ဖိနှိပ်မှုမျိုးစုံ၊ ခွဲခြားအုပ်ချုပ်မှုမျိုးစုံ၊ လူ့အခွင့်အရေးချိုးဖောက်မှုများ၊ လူမျိုးအလိုက်ရရှိခံစားသင့်တဲ့အခွင့်အရေးဆုံးရှုံးမှုများ၊ ဆင်းရဲဒုက္ခပေါင်းစုံ၊ ဖွံ့ဖြိုးမှုနောက်ကျမှု များနဲ့ရင်ဆိုင်ကြုံတွေ့လျက်ရှိပါတယ်။ တနည်းပြောရရင် နှစ်ပေါင်း ၁၂၄ နှစ်တာ ကာလ အတွင်း ချင်းလူမျိုးများရဲ့ သီးခြားဂုဏ်အင်လက္ခဏာများ ဖြစ်တဲ့ စာပေ၊ စကား၊ ယဉ်ကျေးမှုများ နဲ့ ရိုးရာဓလေ့ထုံးတမ်းစဉ်လာများ ပျောက်ကွယ်လျက်ရှိနေတဲ့အပြင် ချင်းတို့အရေး၊ ချင်းတို့ဒေသ နဲ့ ပတ်သက်သည်များကို အခြားလူမျိုးများက စိမ်အုပ်ချုပ် မင်းလုပ် နေကြတာဖြစ်ပါတယ်။ ပြည်ထောင်စုမြန်မာနိုင်ငံတွင် စတင်ပါဝင် လာချိန်မှစပြီး ချင်းလူမျိုးများအနေနဲ့ မိမိတို့လူမျိုးရေးရာတွင် သော်၎င်း၊ ချင်းတို့ပိုင်ဆိုင်ခဲ့သည့် ချင်းပြည်ရေးရာတွင်သော်၎င်း လုပ်ပိုင်ခွင့်များ၊ ဆုံးဖြတ်ပိုင်ခွင့်များ ဆုံးရှုံးခဲ့ကြရပြီး လူမျိုးခြားများရဲ့အုပ်ချုပ်မှုအောက်မှာ ရောက်မှန်းမသိရောက်ရှိသွားခဲ့ကြရပြီး ဖြစ်ပါတယ်။ ချင်းလူမျိုးများဟာ မြန်မာနိုင်ငံအတွင်း အဆင်းရဲဆုံးလူမျိုးအဖြစ်ရပ်တည်နေတာ အားလုံးအသိဖြစ်ပါတယ်။ ဒါဟာ ပင်လုံစာချုပ်၊ ပင်လုံဂတိဂဝတ်တွေရဲ့ အနှစ်သာရများနဲ့ လွန်စွာခြားနားတဲ့ ရလဒ်တွေဘဲဖြစ်ပါတယ်။ ပင်လုံစာချုပ်နဲ့ ပင်လုံဂတိဂဝတ်အတိုင်း တိုင်းပြည်ကို ပြန်လည်တည်ဆောက်ဖို့လိုအပ်ပါတယ်။ မိမိတို့ရဲ့ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊ကိုယ်ပိုင်အုပ်ချုပ်ခွင့်နဲ့ ဒီမိုကရေစီအခွင့်အရေးများကို ပြန်လည်ရရှိရေးနဲ့ တန်းတူညီမျှမှုရှိတဲ ဖက်ဒရယ် ပြည်ထောင်စု တည်ဆောက်ရေးအတွက် ချင်းအမျိုးသားတိုင်း အမျိုးသားတာဝန်တရပ်အနေနဲ့ ရင်ဝယ်ပိုက်ပြီး အတူအကွလက်တွဲဆောင်ရွက်ကြရေးအတွက် တိုက်တွန်းနိုးဆော်လိုပါတယ်။

## နိဂုံး

ချင်းလူမျိုးများဟာ လွတ်လပ်မှုကို မြတ်နိုးတဲ့လူမျိုးဖြစ်ပါတယ်။ လွတ်လပ်မှုအတွက် တိုက်ပွဲ တွေဆင်နွဲခဲ့ကြပါတယ်။ အင်္ဂလိပ်တွေကိုလဲ တော်လှန်ခဲ့ကြသလို စစ်အာဏာရှင်စနစ် ကိုလဲ တော်လှန်နေကြပါတယ်။ ဖိနှိပ်မှုတွေအတွက် ချင်းလူမျိုးများဟာ အသက်၊သွေး၊ချွေးတွေ စတေးပြီးခဲ့ကြသလို နောင်လာမဲ့ အနာဂတ်မှာလဲဘဲ စတေးဖို့ အသင့်ဖြစ်နေကြရမှာဖြစ်ပါ တယ်။ ချင်းအမျိုးသားနေ့နဲ့အတူ ပေါက်ဖွားလာတဲ့စည်းလုံးညီညွတ်ရေးနဲ့ ဒီမိုကရေစီရေး၊ တို့ကို အခိုင်အမာကိုင်စွဲလျက် ချင်းလူမျိုးတို့ ရေရှည်တည်တံ့ရှင်သန်ရပ်တည်နိုင်ရေးနဲ့ ကမ္ဘာနဲ့ ရင်ဘောင်တန်း ရပ်တည်နိုင်ရေးအတွက် ချင်းတမျိုးသားလုံး ဝိုင်းဝန်းကြိုးပမ်း ကြပါစို့လို့ တိုက်တွန်းရင်း နိဂုံးချုပ်အပ်ပါတယ်။

Chin National Front – General Headquarters, Chinland